# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
# နေပြည်တော်

Phoe La Min Rubber Industry Co., Ltd မှ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့မှ မိုင် (၂) ခန့် ကွာဝေးသော ရှောင်ကွင်းလမ်းပေါ်ရှိ ပင်အိုကျေးရွာအုပ်စု၊ ငါးအင်းကျေးရွာအနောက်ဘက်၊ ဖိုးလမင်းကုမ္ပဏီလီမိတက်ပိုင် စိုက်ဧက (၃၂၃.၀၂) ဧကရှိ ရာဘာစိုက်ခင်းအတွင်း မြေဧရိယာ (၃၈.၅) ဧကပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ရာဘာထုတ်လုပ်ခြင်းလုပ်ငန်း အတွက် တင်ပြလာသော ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) အစီရင်ခံစာ၏

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်
## (Environmental Compliance Certificate-ECC)

ရက်စွဲ။ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်

# (Environmental Compliance Certificate – ECC)

သက်သေခံလက်မှတ်အမှတ်။ ECC ( ၅၆၅ ) ရက်စွဲ။ ၂၀၂၃ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉/၂၀၁၂) နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ဆိုင်ရာလုပ်ထုံးလုပ်နည်း (အမိန့်ကြော်ငြာစာအမှတ် ၆၁၆/၂၀၁၅) တို့အရ နောက်ဆက်တွဲ(က)တွင် ဖော်ပြထားသော အဆိုပြုစီမံကိန်းအား နောက်ဆက်တွဲ(ခ)ပါ စည်းကမ်းချက်များကို လိုက်နာ ဆောင်ရွက်စေလျက် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံ လက်မှတ် (Environmental Compliance Certificate – ECC)ကို ထုတ်ပေးလိုက်သည်–

| | | | |
|---|---|---|---|
| (က) | **စီမံကိန်းအဆိုပြုသူ** | – | ဦးထွန်းထွန်းဝင်း<br>ဥက္ကဋ္ဌ |
| (ခ) | **ဆက်သွယ်ရန် လိပ်စာ** | – | Phoe La Min Rubber Industry Co., Ltd<br>အမှတ် (၃၄)၊ မြေညီထပ်၊ ကမ်းနားလမ်း၊ ကန်ကြီး၊<br>မြိတ်မြို့၊ ဖုန်း–၀၉ ၅၁၁၂၈၅၅ |
| (ဂ) | **စီမံကိန်းအမျိုးအစား** | – | ရာဘာထုတ်လုပ်ခြင်းလုပ်ငန်း |
| (ဃ) | **စီမံကိန်းကာလ** | – | အခွင့်အမိန့်ရအဖွဲ့အစည်းက ခွင့်ပြုသည့်ကာလ |
| (င) | **စီမံကိန်း၏အရွယ်အစား** | – | ဖိုးလမင်းကုမ္ပဏီလီမိတက်ပိုင် စိုက်ဧက (၃၂၃.၀၂) ဧကရှိ ရာဘာစိုက်ခင်းအတွင်း မြေဧရိယာ (၃၈.၅) ဧက |
| (စ) | **စီမံကိန်းတည်နေရာ** | – | တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့မှ မိုင် (၂) ခန့် ကွာဝေးသော ရှောင်ကွင်းလမ်းပေါ်ရှိ ပင်အိုကျေးရွာအုပ်စု၊ ငါးအင်း ကျေးရွာအနောက်ဘက် |
| (ဆ) | ECC သက်တမ်း | – | (၅)နှစ်<br>စတင်ထုတ်ပေးရက် – ၁၄–၁၂–၂၀၂၂<br>သက်တမ်းကုန်ဆုံးရက် – ၁၃–၁၂–၂၀၂၇ |
| (ဇ) | **အတည်ပြုအစီရင်ခံစာ** | – | ဖိုးလမင်းကုမ္ပဏီလီမိတက်၏ (၂–၁၁–၂၀၂၂) ရက်စွဲပါ စာအမှတ်၊ ဖလမ/ သဘာဝ/ ၄၅၅ |

**စည်းကမ်းချက်များသတ်မှတ်ခြင်း**

၂။ အောက်ဖော်ပြပါ ရည်ရွယ်ချက်များ ရရှိနိုင်ရေးအတွက် ဤသက်သေခံလက်မှတ်၏ နောက်ဆက်တွဲပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန် သတ်မှတ်ထားခြင်းဖြစ်ပါသည်-

(က) ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ကြိုတင်ကာကွယ်ရေး၊ အနိမ့်ဆုံးဖြစ်စေရေးနှင့် ထိခိုက်မှုများကို ပြန်လည်ကုစားရေး ဆောင်ရွက်ပေးရန်၊

(ခ) စီမံကိန်းအဆိုပြုသူ၏ စီမံကိန်းဆိုင်ရာ ကတိကဝတ်များနှင့် လိုက်နာထမ်းဆောင်ရမည့် တာဝန်များကို သတ်မှတ်ရန်၊

(ဂ) လက်ခံနိုင်သော ပတ်ဝန်းကျင်အရည်အသွေး ဖြစ်စေရေးအတွက် စံချိန်စံညွှန်းများနှင့် အရည်အသွေးတိုင်းတာရေးနည်းလမ်းများ သတ်မှတ်ရန်၊

(ဃ) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်းတို့ကို ပုံမှန်ဆောင်ရွက်စေရန်၊

(င) စီမံကိန်းတွင် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည့် ပတ်ဝန်းကျင်စီမံခန့်ခွဲရေး အစီအမံတစ်ရပ်ကို ရေးဆွဲဆောင်ရွက်ရန်။

(လှမောင်သိန်း)
အမြဲတမ်းအတွင်းဝန်
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

နောက်ဆက်တွဲ(က)

**Phoe La Min Rubber Industry Co., Ltd မှ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့မှ မိုင် (၂၀) ခန့် ကွာဝေးသော ရှောင်ကွင်းလမ်းပေါ်ရှိ ပင်အိုကျေးရွာအုပ်စုတွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ရာဘာထုတ်လုပ်ခြင်းလုပ်ငန်း၏ စီမံကိန်းအကြောင်းအရာ**

၁။ Phoe La Min Rubber Industry Co., Ltd မှ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့မှ မိုင် (၂) ခန့် ကွာဝေးသော ရှောင်ကွင်းလမ်းပေါ်ရှိ ပင်အိုကျေးရွာအုပ်စု၊ ငါးအင်းကျေးရွာအနောက်ဘက်၊ ဖိုးလမင်းကုမ္ပဏီလီမိတက်ပိုင် စိုက်ဧက (၃၂၃.၀၂) ဧကရှိ ရာဘာစိုက်ခင်းအတွင်း မြေဧရိယာ (၃၈.၅) ဧကပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ရာဘာထုတ်လုပ်ခြင်းလုပ်ငန်းအတွက် ဖိုးလမင်းကုမ္ပဏီလီမိတက်၏ (၂-၁၁-၂၀၂၂) ရက်စွဲပါ စာအမှတ်၊ ဖလမ/ သဘာဝ/ ၄၅၅ ဖြင့် တင်ပြခဲ့သည့် အပြီးသတ် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) အစီရင်ခံစာကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate – ECC) ထုတ်ပေးခြင်းဖြစ်သည်။

၂။ **စီမံကိန်းအဆိုပြုသူ။** ဦးထွန်းထွန်းဝင်း၊ ဥက္ကဋ္ဌ၊ Phoe La Min Rubber Industry Co., Ltd၊ အမှတ် (၃၄)၊ မြေညီထပ်၊ ကမ်းနားလမ်း၊ ကန်ကြီး၊ မြိတ်မြို့၊ ဖုန်း-၀၉ ၅၁၁၂၈၅၅ ဖြစ်ပါသည်။

၃။ **စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်။** အဆိုပြုစီမံကိန်းသည် ထုတ်လုပ်ပုံအဆင့်ဆင့်အနေဖြင့် ရာဘာအစေးတုံး ကုန်ကြမ်းများအား သေးငယ်သောအရွယ်အစားရစေရန် အဆင့် (၄) ဆင့်ဖြင့် ခုတ်ဖြတ်ပြီး မွှေကန်ထဲတွင် ရေသန့်ဖြင့်သန့်စင်ခြင်း၊ လေးလုံးတွဲစက်ဖြင့် ရေဖျန်းကြိတ်ချေ၍ ရာဘာအသားများ ပိုမိုပွလာသည့်အခါ လေမှုတ်စက်၌ ရေစစ်အခြောက်ခံခြင်း၊ အပူပေးစက် (Dryer) တွင် အပူပေးခြင်း၊ ကုန်ချောရရှိခြင်း (MSR-10၊ MSR-20) ရရှိခြင်း၊ ရာဘာအစေးရည် ကုန်ကြမ်းများအား အမှိုက်၊ သစ်ဖက်နှင့် ကျောက်ခဲများစစ်ချရန်စက်ရုံရှိ အစေးရည်ကန် (၆) ကန်ထဲသို့ (၆) မီလီမီတာ အပေါက်ရှိသော ဇကာခံ၍လောင်းထည့်ခြင်း၊ စက်သီးကိုအသုံးပြု၍ မွှေကန်များထဲတွင် ရေ (၁) ဆ အစေးရည် (၁) ဆ ဖြင့် (၂) နာရီခန့်မွှေနှောက်ခြင်း၊ အခဲခံမြောင်းထဲသို့ဖောက်ချ၍ ဖော်မစ်အက်ဆစ် (၁) ဆ အစေးရည် (၅) ဆ ရောစပ်ကာ အစေးရည်များအား ကောင်းမွန်စွာခဲစေရန် နာရီ (၂၀) ခန့် ထားရှိခြင်း၊ ရွှေ့လျားညှစ်စက်ဖြင့် ရေစင်အောင်ညှစ်ထုတ်ပြီး လေးလုံးတွဲစက်ဖြင့် (၄) ကြိမ် ရေဖျန်းကြိတ်ချေခြင်း၊ လေမှုတ်စက်တွင် ရေစစ်အခြောက်ခံ၍ အပူပေးစက် (Dryer) တွင် အပူပေးပြီးနောက် ကုန်ချော (MSR-3L) ရရှိခြင်း စသည်တို့ကို ဆောင်ရွက်သွားဖြစ်ပါသည်။

၄။ **အသုံးပြုကုန်ကြမ်းပစ္စည်းများ။** လုပ်ငန်းအတွက်လိုအပ်သော ကုန်ကြမ်းပစ္စည်းများအနေဖြင့် ရာဘာအစေးရည်နှင့် အစေခဲ (ခွက်ခဲ၊ ခွက်ကပ်) များဖြစ်ပြီး ကုန်ကြမ်းများအား စက်ရုံပိုင် စိုက်ဧက (၂၀၀၀) ကျော် ရှိသည့်အနက် ဧက (၆၀၀) မှ ရယူကြောင်း၊ ကော့သောင်းနှင့် မြိတ်မြို့တွင် အဝယ်တော်များထားရှိပြီး သတ်မှတ်ပေါက်ဈေးအတိုင်း ဝယ်ယူစုဆောင်းကြောင်း၊ လျှပ်စစ်သုံးစွဲမှုအနေဖြင့် လျှပ်စစ်


သွယ်တန်းရယူနိုင်ခြင်း မရှိသည့်အတွက် ဂျင်နရေတာ (၅) လုံးဖြင့် ရယူသုံးစွဲပါကြောင်း ဖော်ပြထားပါသည်။

၅။ **စီမံကိန်းတည်နေရာ။** တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့မှ မိုင် (၂) ခန့် ကွာဝေးသော ရှောင်ကွင်းလမ်းပေါ်ရှိ ပင်အိုကျေးရွာအုပ်စု၊ ငါးအင်းကျေးရွာအနောက်ဘက်၊ ဖိုးလမင်းကုမ္ပဏီလီမိတက်ပိုင် စိုက်ကေ (၃၂၃.၀၂) ကေရှိ ရာဘာစိုက်ခင်းအတွင်း မြေဧရိယာ (၃၈.၅) ကေပေါ်တွင် တည်ရှိပါသည်။


**Phoe La Min Rubber Industry Co., Ltd မှ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့မှ မိုင် (၂၀) ခန့်ကွာဝေးသော ရှောင်ကွင်းလမ်းပေါ်ရှိ ပင်အိုကျေးရွာအုပ်စုတွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ရာဘာထုတ်လုပ်ခြင်းလုပ်ငန်း၏ တည်နေရာပြမြေပုံ**



# Phoe La Min Rubber Industry Co., Ltd မှ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့မှ မိုင် (၂၀) ခန့် ကွာဝေးသော ရှောင်ကွင်းလမ်းပေါ်ရှိ ပင်အိုကျေးရွာအုပ်စုတွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ရာဘာထုတ်လုပ်ခြင်းလုပ်ငန်း၏ Layout Plan



## Phoe La Min Rubber Industry Co., Ltd မှ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့မှ မိုင် (၂၀) ခန့် ကွာဝေးသော ရှောင်ကွင်းလမ်းပေါ်ရှိ ပင်အိုကျေးရွာအုပ်စုတွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ရာဘာထုတ်လုပ်ခြင်းလုပ်ငန်း၏ Process Flow Chart



နောက်ဆက်တွဲ(ခ)

**ကတိကဝတ်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် အထွေထွေစည်းကမ်းများ**

**ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာအရ လိုက်နာဆောင်ရွက်ရမည့်ကတိကဝတ်များ**

၆။ စီမံကိန်းအဆိုပြုသူသည် Phoe La Min Rubber Industry Co., Ltd မှ ရာဘာထုတ်လုပ်ခြင်း လုပ်ငန်းအတွက် ဖိုးလမင်းကုမ္ပဏီလီမိတက်၏ (၂-၁၁-၂၀၂၂) ရက်စွဲပါ စာအမှတ်၊ ဖလမ/ သဘာ၀/ ၄၅၅ ဖြင့် တင်ပြလာသည့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာတွင် ဖော်ပြထားသည့် အောက်ပါကတိကဝတ် များကို လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်း။** စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့် စီမံကိန်းနှင့်သက်ဆိုင်သည့် အခြား မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေ များကို လိုက်နာဆောင်ရွက်ရမည်။

(ခ) **စီမံကိန်းဆောင်ရွက်မည့်နည်းစဉ်။** အဆိုပြုစီမံကိန်းသည် ထုတ်လုပ်ပုံအဆင့်ဆင့် အနေဖြင့် ရာဘာအစေးတုံး ကုန်ကြမ်းများအား သေးငယ်သောအရွယ်အစားရစေရန် အဆင့် (၄) ဆင့်ဖြင့် ခုတ်ဖြတ်ပြီး မွှေကန်ထဲတွင် ရေသန့်ဖြင့်သန့်စင်ခြင်း၊ လေးလုံး တွဲစက်ဖြင့် ရေဖျန်းကြိတ်ချေ၍ ရာဘာအသားများ ပိုမိုပွလာသည့်အခါ လေမှုတ်စက်၌ ရေစစ်အခြောက်ခံခြင်း၊ အပူပေးစက် (Dryer) တွင် အပူပေးခြင်း၊ ကုန်ချောရရှိခြင်း (MSR-10၊ MSR-20) ရရှိခြင်း၊ ရာဘာအစေးရည်ကုန်ကြမ်းများအား အမှိုက်၊ သစ်ဖက်နှင့် ကျောက်ခဲများစစ်ချရန်စက်ရုံရှိ အစေးရည်ကန် (၆) ကန်ထဲသို့ (၆) မီလီမီတာ အပေါက် ရှိသော ဇကာခံ၍လောင်းထည့်ခြင်း၊ စက်သီးကိုအသုံးပြု၍ မွှေကန်များထဲတွင် ရေ (၁) ဆ အစေးရည် (၁) ဆ ဖြင့် (၂) နာရီခန့်မွှေနှောက်ခြင်း၊ အခဲခံမြောင်းထဲသို့ဖောက်ချ၍ ဖော်မစ်အက်ဆစ် (၁) ဆ အစေးရည် (၅) ဆ ရောစပ်ကာ အစေးရည်များအား ကောင်းမွန်စွာခဲစေရန် နာရီ (၂၀) ခန့် ထားရှိခြင်း၊ ရွှေ့လျားညှစ်စက်ဖြင့် ရေစင်အောင် ညှစ်ထုတ်ပြီး လေးလုံးတွဲစက်ဖြင့် (၄) ကြိမ် ရေဖျန်းကြိတ်ချေခြင်း၊ လေမှုတ်စက်တွင် ရေစစ်အခြောက်ခံ၍ အပူပေးစက် (Dryer) တွင် အပူပေးပြီးနောက် ကုန်ချော (MSR-3L) ရရှိခြင်း စသည်တို့ကို ဆောင်ရွက်သွားဖြစ်ပါသည်။

(ဂ) **လေထုအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အပူပေးပေါင်းခံစက်နှင့် အိတ်ဇောပိုက်များမှ လေထုညစ်ညမ်းစေသော ဓာတ်ငွေ့ များထွက်ရှိမှုကို သတ်မှတ်ထားသော အတိုင်းအတာထက်ကျော်လွန်၍ ထုတ် လွှတ်မှုမရှိစေရေးအတွက် အလေးထားဆောင်ရွက်ရန်၊

(၂) အရည်အသွေးကောင်းမွန်သည့် လောင်စာဆီကို အသုံးပြုရန်၊

(၃) ကောင်းမွန်သည့် ယာဉ်ယန္တရားများ/ စက်ပစ္စည်းများကို အသုံးပြုရန်နှင့် ပုံမှန်ပြုပြင်ထိန်းသိမ်းခြင်းများ ဆောင်ရွက်သွားရန်၊

(၄) အပူပေးပေါင်းခံစက်မှ ပြာမှုန်များထွက်ရှိမှုနည်းစေရန် ရေဖျန်းစနစ်ထည့်သွင်းတပ်ဆင်ထားရှိရန်၊

(၅) သယ်ယူပို့ဆောင်သည့် လမ်းကြောင်းများကို ပုံမှန်ရေဖျန်းခြင်းများ ပြုလုပ်ရန်၊

(၆) အနံ့ဆိုးများနှင့် ဖုန်မှုန့်များကြောင့် ဝန်ထမ်းများအသက်ရှူလမ်းကြောင်းပြဿနာများ မဖြစ်စေရန် နှာခေါင်းစည်းများ စီစဉ်ထားရှိရန်၊

(၇) ယာဉ်အသွားအလာ မောင်းနှင်မှုများအား အရှိန်လျှော့ချရန်။

(ဃ) **ရေအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ရေအရည်အသွေးဆန်းစစ်မှုများ ပုံမှန်ပြုလုပ်ရန်၊

(၂) ရေစီးဆင်းသောစနစ်ထားရှိပေးရန်နှင့် ရေမြောင်းများတူးဖော်ရန်၊

(၃) ရေဆိုးသန့်စင်စနစ် ဆောက်လုပ်ရန်၊

(၄) ရေသုံးစွဲမှုကိုစိစစ်ရန် Water Meter များ တပ်ဆင်ထားရှိရန်၊

(၅) စက်ဆီ/ ချောဆီများကို သီးခြားဂိုဒေါင်ဖြင့်ထားရှိပြီး စက်သုံးဆီဖိတ်စင်မှုမှ ကာကွယ်ရန် သံကန်များဖြင့် အသုံးပြုရန်၊

(၆) ရေပိုက်လိုင်းများ ယိုစိမ့်မှုမရှိစေရန် ကြီးကြပ်ထိန်းသိမ်းရန်၊

(၇) ရေဆိုးထွက်ရှိမှုနည်းပါးအောင် ရေသုံးစွဲမှုအား စနစ်တကျဆောင်ရွက်ရန်။

(င) **ဆူညံသံစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အသုံးပြုသောစက်ပစ္စည်းများ၏ စွမ်းဆောင်ရည်မကျစေရန် စောင့်ကြည့်ထိန်းချုပ်ရန်၊

(၂) ထုတ်လုပ်ရေးလုပ်နေသော စက်ခန်းများ၊ ရောနှောကြိတ်ခွဲ၊ ဖြတ်တောက်စက်ခန်းနှင့် မီးစက်များ မောင်းနှင်သောနေရာများတွင် တစ်ကိုယ်ရည်ကာကွယ်ရေးပစ္စည်းများ၊ နားပိတ်၊ နားစို့၊ နားကာ ကဲ့သို့သောပစ္စည်းများ ထောက်ပံ့ပေးရန်၊

(၃) သစ်ပင်များ စနစ်တကျ စိုက်ပျိုးရန်၊

(၄) ဆူညံသံများမထွက်ပေါ်စေရန် အပတ်စဉ်သင့်လျော်သော၊ မှန်ကန်သော ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန်၊

(၅) ဆူညံသံများကြောင့် လုပ်သားထိခိုက်မှုနည်းစေရန် အလုပ်ချိန်များ ခွဲပေးရန်။

(စ) **အနံ့အရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အနံ့ထွက်စေသော ကုန်ကြမ်းများကို လျှော့ချခြင်း (သို့မဟုတ်) လိုအပ်သလောက်သာ သိုလှောင်ရန်၊

(၂) ကုန်ကြမ်းများမှ အနံ့အသက်ပါသောအရည်များကို စနစ်တကျဆေးကြော သန့်စင်ရန်၊

(၃) ကုန်ကြမ်းသိုလှောင်ရုံနှင့် အစေးရည်အခဲခံရာနေရာများတွင် လေဝင်လေထွက် ပေါက်များထားရှိခြင်း၊ အနံ့စုပ်စက်နှင့် ညှော်စုပ်စက်များ တပ်ဆင်ထားရှိရန်၊

(၄) ထွက်လာသောအငွေ့များမှ ပတ်ဝန်းကျင်ထိခိုက်မှုလျှော့ချရန် သစ်ပင်များ စိုက်ပျိုးရန်၊

(ဆ) **မြေအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စက်သုံးဆီများအသုံးပြုခြင်းနှင့် သယ်ဆောင်ခြင်းတို့ဆောင်ရွက်ရာတွင် ဖိတ်စင်မှုများ မရှိစေရန် အလေးထားဆောင်ရွက်ရန်၊

(၂) စွန့်ပစ်ရေပိုက်လိုင်းများ၊ ရေဆိုးပိုက်လိုင်းများ သွယ်တန်းရာတွင် ပိုက်ပေါက်ခြင်းများ၊ ချို့ယွင်းမှုများမရှိစေရန် စစ်ဆေးထိန်းသိမ်းရန်၊

(၃) ရာဘာစွန့်ပစ်ပစ္စည်းများ၊ ပလတ်စတစ်များကို သေချာစွာထုတ်ပိုး၍ သတ်မှတ်နေရာတွင် စနစ်တကျစွန့်ပစ်ရန်၊

(၄) ဝန်ထမ်းများနေ့စဉ်စွန့်ပစ်သော အမှိုက်များကို သတ်မှတ်နေရာများတွင် စနစ်တကျစွန့်ပစ်ရန်၊

(၅) ရေဆင်းစနစ် လုပ်ဆောင်ပေးရန်နှင့် မြောင်းများတူးဖော်ရန်။

(ဇ) **စွန့်ပစ်အရည်စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ရာဘာထုတ်လုပ်သည့် လုပ်ငန်းစဉ်အဆင့်ဆင့်မှ စွန့်ထုတ်လိုက်သော စွန့်ပစ်ရေများအား သင့်လျော်သောသန့်စင်နည်းများ အသုံးပြုတပ်ဆင်ထားသော စွန့်ပစ်ရေသန့်စင်ကန်များဆောက်လုပ်၍ သတ်မှတ်အဆင့်ထိရောက်အောင် သန့်စင်ပြီးမှ စွန့်ပစ်ရန်၊

(၂) အလုပ်သမားတန်းလျားများနှင့် မီးဖိုချောင်များမှ ထွက်ရှိသောရေများအား စနစ်တကျစွန့်ပစ်ရန်၊

(၃) ရေပိုက်လိုင်းများ ယိုစိမ့်မှုမရှိစေရန်အတွက် စနစ်တကျဆောင်ရွက်ရန်။

(ဈ) **စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဒီဇယ်ဆီအကြွင်းအကျန်များ ပါဝင်သော ပုံးခွံများကို စနစ်တကျကိုင်တွယ်ရန်၊

(၂) ဖော်မစ်အက်ဆစ်ပါဝင်သော ပုံးခွံများနှင့် အကြွင်းအကျန်များကို စနစ်တကျ စွန့်ပစ်သိမ်းဆည်းရန်၊

(၃) ပလတ်စတစ်များကို သတ်မှတ်နေရာများတွင် စနစ်တကျစွန့်ပစ်ရန်နှင့် မီးရှို့ခြင်းများပြုလုပ်ခြင်းမှ ရှောင်ကြဉ်ရန်၊

(၄) ပြန်လည်အသုံးပြု၍ရသော ပုံးခွံများနှင့် ပလတ်စတစ်ပုံးခွက်များကို ပြန်လည် အသုံးပြုရန်။

(ည) **မီးဘေးအန္တရာယ်ကာကွယ်ရေးအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မီးသတ်ဆေးဘူးများတပ်ဆင်ခြင်းနှင့် မီးသတ်ရေလှောင်ကန် ထားရှိခြင်းတို့ ဆောင်ရွက်ရန်၊

(၂) မီးဘေးအန္တရာယ်နှင့် သက်ဆိုင်သည့် လိုအပ်သောညွှန်ကြားချက်များ ထုတ်ပြန်ခြင်း၊ ရေ၊ သဲ၊ ရေပုံး၊ မီးချိတ်၊ မီးကပ်၊ မီးသတ်ဆေးဗူးများ အလုံအလောက်နှင့် အလွယ်တကူရယူနိုင်သော နေရာများတွင် အဆင်သင့်ထားရှိရန်၊

(၃) မီးငြှိမ်းသတ်နိုင်သော $CO_2$ ဓာတ်ငွေ့များကို မီးလောင်လွယ်သော၊ ပေါက်ကွဲနိုင်သော ပစ္စည်းများထားသည့်နေရာသို့ ရေပိုက်လိုင်းဖြင့် သွယ်တန်းထားရှိရန်၊

(၄) မီးငြှိမ်းသတ်ခြင်း လေ့ကျင့်မှုများ ဆောင်ရွက်ရန်၊

(၅) မြိတ်မြို့နယ်မီးသတ်ဦးစီးဌာနနှင့် နီးစပ်ရာအရေးပေါ်မီးသတ်ဦးစီးဌာနများ၏ ဆက်သွယ်ရမည့် ဖုန်းနံပါတ်၊ လိပ်စာများအား မြင်သာသောနေရာတွင် ချိတ်ဆွဲထားရှိရန်၊

(၆) လျှပ်စစ်အန္တရာယ်မဖြစ်ပွားစေရန်အတွက် ဝါယာကြိုးများပေါက်ပြဲခြင်း ရှိ/မရှိ စစ်ဆေးရန်၊

(၇) ဆေးလိပ်သောက်တတ်သော ဝန်ထမ်းများအတွက် ဆေးလိပ်သောက်ရန်နေရာ စီစဉ်ပေး၍ ဆေးလိပ်တိုများစွန့်ပစ်ရန် သဲပုံးများထားရှိပေးရန်၊

(၈) လုပ်သားဝန်ထမ်းများ မီးအသုံးပြုသည့်အခါ သတိနှင့်သုံးစွဲရန်အတွက် သတိပေးကြေညာစာများ စက်ရုံနံရံများတွင် ကပ်ထားရန်။

(ဋ) **ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေးအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အန္တရာယ်ရှိ ပစ္စည်းများကို သက်ဆိုင်ရာလမ်းညွှန်ချက်များအတိုင်း ကိုင်တွယ်အသုံးပြုရန်နှင့် လေဝင်လေထွက်ကောင်းသည့် အေးမြခြောက်သွေ့သောနေရာများတွင် သိုလှောင်သိမ်းဆည်းသွားရန်၊

(၂) လုံလောက်သောအိမ်သာများ၊ မိလ္လာကန်နှင့် အမှိုက်ပုံးများ ထားရှိရန်၊

(၃) မီးဘေးအန္တရာယ်ကာကွယ်ရန် မီးသတ်ဆေးဘူးများနှင့် မီးသတ်ရေသိုလှောင်ကန်များ ထားရှိရန်၊

(၄) ဝန်ထမ်းများကျန်းမာရေးအတွက် ကျေးလက်ကျန်းမာရေးဌာနနှင့်ဆက်သွယ်ဆောင်ရွက်ရန်၊

(၅) အရေးပေါ်သုံးဆေးများနှင့် ဆေးသေတ္တာများအား လက်လှမ်းမီရာတွင် ထားရှိရန်၊

(၆) အက်ဆစ်များ၊ အက်ဆစ်ပါဝင်သောရေများနှင့် ထိတွေ့ကိုင်တွယ်ရာတွင် လုံလောက်သော အကာအကွယ်များအသုံးပြု၍ ကိုင်တွယ်စေရန်၊

(၇) စက်ရုံလုပ်ငန်းစဉ်အဆင့်ဆင့် ပြုလုပ်နေစဉ်တွင် သက်ဆိုင်ရာဌာနအသီးသီးတွင် အပူဒဏ်ကာကွယ်ရန်အတွက် အပူခံဝတ်စုံများ ဝတ်ဆင်ခြင်း၊ အနံ့များတိုက်ရိုက်မရှူမိစေရန် Mask များ ဝတ်ဆင်ခြင်း၊ ရှေ့ဖုံးခါးစည်းများ ဝတ်ဆင်ခြင်း၊ ခေါင်းစွပ်ဝတ်ဆင်ခြင်း၊ Safety Shoes ဝတ်ဆင်ခြင်းနှင့် လက်အိတ်များ ဝတ်ဆင်ခြင်းတို့ ပြုလုပ်ရန်၊

(၈) အန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများထားရှိသည့် နေရာအနီးတွင် မီးသတ်ဆေးဘူးများ၊ မီးသတ်ရေသိုလှောင်ကန်နှင့် လုပ်သားများအတွက် လုပ်ငန်းခွင်သုံးကာကွယ်ရေး အသုံးအဆောင်ပစ္စည်းများ ထားရှိပေးရန်၊

(၉) အန္တရာယ်ရှိသောပစ္စည်းများထားရှိသည့် အနီးတဝိုက်တွင် မီးလောင်လွယ်သော၊ ပေါက်ကွဲစေတတ်သော ပစ္စည်းများထားရှိခြင်း၊ ဆေးလိပ်သောက်ခြင်း၊ မီးဖိုခြင်း၊ မီးပွားထွက်စေမည့်အလုပ်များ ဆောင်ရွက်ခြင်းစသည်တို့အား တင်းကြပ်စွာ တားမြစ်ရန်၊

(၁၀) အန္တရာယ်ရှိသောပစ္စည်းများ ထည့်ထားသည့် ပုံး၊ ခွက်၊ တိုင်ကီ စသည်တို့ကို ယိုစိမ့်နေခြင်း ရှိ/မရှိ အမြဲစစ်ဆေးရန်နှင့် ယိုစိမ့်နေခြင်းတွေ့ရလျှင် ချက်ချင်းပြုပြင်ရန်။

(၄) **စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေထုအရည်အသွေးနှင့်ပတ်သက်၍ CO, $NO_2$, $PM_{10}$, $PM_{2.5}$, $SO_2$, VOC စသည့် ပါရာမီတာများအား တစ်နှစ်လျှင် (၂) ကြိမ် စောင့်ကြည့်စစ်ဆေးရန်၊

(၂) ဆူညံသံနှင့် စပ်လျဉ်း၍ လုပ်ငန်းခွင်ဧရိယာအတွင်း တွင် (၆) လ တစ်ကြိမ် စောင့်ကြည့်စစ်ဆေးရန်၊

(၃) စွန့်ပစ်ရေအရည်အသွေးနှင့်ပတ်သက်၍ pH, Total Phosphorus, Total Nitrogen, $NH_4$-N, BOD, COD, TSS စသည့် Parameter များနှင့် စိမ့်စမ်းရေအရည်အသွေးအား pH, Color, Ec, TDS, Total Hardness, Total Alkalinity, Mg, Cl, Fe စသည့် Parameter များအား တစ်နှစ်လျှင် (၂) ကြိမ် တိုင်းတာစစ်ဆေးရန်၊

(၄) စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ လုပ်ငန်းဧရိယာအတွင်း နေ့စဉ်/အပတ်စဉ်/လစဉ် စစ်ဆေးသွားရန်၊

(၅) မြေအရည်အသွေးအား လုပ်ငန်းဧရိယာတွင် တစ်နှစ်လျှင် (၂) ကြိမ် တိုင်းတာစစ်ဆေးရန်၊

(၆) မီးဘေးအန္တရာယ်နှင့်ပတ်သက်၍ မီးငြိမ်းသတ်ရေးပစ္စည်းများကို လစဉ်စစ်ဆေးရန်၊

(၇) ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ပတ်သက်၍ လုပ်ငန်းဧရိယာအတွင်း နေ့စဉ်/ လစဉ် စစ်ဆေးသွားရန်၊

(၈) ယခင်အခြေအနေအတိုင်း ပြန်လည်မွမ်းမံခြင်းနှင့်ပတ်သက်၍ လုပ်ငန်းပိတ်သိမ်းသည့်နေရာတွင် လုပ်ငန်းပိတ်သိမ်းခြင်း ကာလတစ်လျှောက်လုံးစောင့်ကြည့်ရန်၊

(၉) ပတ်ဝန်းကျင်ဆိုင်ရာစစ်ဆေးခြင်းနှင့်ပတ်သက်၍ လုပ်ငန်းပိတ်သိမ်းသည့်နေရာတွင် လုပ်ငန်းပိတ်သိမ်းခြင်းကာလတစ်လျှောက်လုံးစောင့်ကြည့်ရန်၊

(၁၀) စွမ်းအင်သုံးစွဲခြင်းနှင့်ပတ်သက်၍ လုပ်ငန်းဧရိယာအတွင်း လစဉ်စောင့်ကြည့်ရန်၊

(၁၁) ဓာတုပစ္စည်းစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ လုပ်ငန်းဧရိယာအတွင်းနေ့စဉ်နှင့် (၁) နှစ်လျှင် (၂) ကြိမ် စောင့်ကြည့်ရန်။

(ဍ) **အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်း။** အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်းကို ၃၀-၆-၂၀၁၈ ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ ငါးအင်းကျေးရွာတွင် ပြုလုပ်ခဲ့ကြောင်းနှင့် စီမံကိန်းတာဝန်ရှိသူများ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများနှင့် တတိယအဖွဲ့အစည်းမှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့ကြောင်း၊ လူမှုရေးဆိုင်ရာတာဝန်သိလုပ်ငန်းများ (CSR) အတွက် အမြတ်ငွေ (၂) ရာခိုင်နှုန်းကို သုံးစွဲသွားမည်ဖြစ်ကြောင်းဖော်ပြထားပါသည်။

(ဎ) **တာဝန်ယူဆောင်ရွက်မည့်အဖွဲ့အစည်းများ။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်တို့အတွက် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း အစီရင်ခံစာ၌ ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်းဆောင်ရွက်ရမည်။

(ဏ) **လျှာထားအသုံးစရိတ်။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက် အသုံးပြုမည့် လျှာထားအသုံးစရိတ်အား အောက်ပါကတိကဝတ်အတိုင်း ဆောင်ရွက်ရန်နှင့် လုံလောက်မှုမရှိပါက ထပ်မံဖြည့်တင်းဆောင်ရွက်ရမည်-

(၁) လေထုအရည်အသွေးနှင့်ပတ်သက်၍ CO, $NO_2$, $PM_{10}$, $PM_{2.5}$, $SO_2$, VOC စသည့် ပါရာမီတာများအတွက် ရန်ပုံငွေ ကျပ် (၁၅) သိန်းခန့် လျာထားသုံးစွဲရန်၊

(၂) ဆူညံသံတိုင်းတာမှုအတွက် ရန်ပုံငွေ ကျပ် (၄) သိန်းခန့် လျာထားသုံးစွဲရန်၊

(၃) စွန့်ပစ်ရေအရည်အသွေးနှင့်ပတ်သက်၍ pH, Total Phosphorus, Total Nitrogen, $NH_4$-N, BOD, COD, TSS စသည့် Parameter များနှင့် စိမ့်စမ်းရေ အရည်အသွေးအား pH, Color, Ec, TDS, Total Hardness, Total Alkalinity, Mg, Cl, Fe စသည့် Parameter များအတွက် ရန်ပုံငွေ ကျပ် (၅) သိန်းခန့် လျာထားသုံးစွဲရန်၊

(၄) စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအတွက် ရန်ပုံငွေ ကျပ် (၁) သိန်းခန့် လျာထားသုံးစွဲရန်၊

(၅) မြေအရည်အသွေးတိုင်းတာရန်အတွက် ရန်ပုံငွေ ကျပ် (၁) သိန်းခန့် လျာထားသုံးစွဲရန်၊

(၆) မီးဘေးအန္တရာယ်နှင့်ပတ်သက်၍ မီးငြိမ်းသတ်ရေးပစ္စည်းများအတွက် ရန်ပုံငွေ ကျပ် (၁၅၀,၀၀၀) ခန့် လျာထားသုံးစွဲရန်၊

(၇) ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ရန်ပုံငွေ ကျပ် (၅) သိန်းခန့် လျာထားသုံးစွဲရန်၊

(၈) ယခင်အခြေအနေအတိုင်း ပြန်လည်မွမ်းမံခြင်းနှင့်ပတ်သက်၍ လုပ်ငန်းပိတ်သိမ်းသည့်နေရာတွင် လုပ်ငန်းပိတ်သိမ်းခြင်း ကာလတစ်လျှောက်လုံးစောင့်ကြည့်ရန်အတွက် ရန်ပုံငွေ ကျပ် (၅) သိန်းခန့် လျာထားသုံးစွဲရန်၊

(၉) ပတ်ဝန်းကျင်ဆိုင်ရာစစ်ဆေးခြင်းနှင့် ပတ်သက်၍ လုပ်ငန်းပိတ်သိမ်းသည့်နေရာတွင် လုပ်ငန်းပိတ်သိမ်းခြင်းကာလ တစ်လျှောက်လုံး စောင့်ကြည့်ရန်အတွက် ရန်ပုံငွေ ကျပ် (၅) သိန်းခန့် လျာထားသုံးစွဲရန်။

**ပတ်ဝန်းကျင်နှင့်လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာလိုက်နာဆောင်ရွက်ရမည့် စည်းကမ်းသတ်မှတ်ချက်များ**

၇။ စီမံကိန်းအဆိုပြုသူသည် အထက်အပိုဒ်(၆)တွင် ဖော်ပြထားသော ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း အစီရင်ခံစာအရ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကတိကဝတ်များအပြင် အောက်ဖော်ပြပါ စည်းကမ်းချက်များ၊ သတ်မှတ်ချက်များကိုလည်း အပြည့်အဝ လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ဥပဒေ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်း အစီအစဉ်ပါ စည်းကမ်းသတ်မှတ်ချက်များ။** အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းစဉ်(၂၀၁၈-၂၀၃၀) မြန်မာနိုင်ငံအမျိုးသားအဆင့်စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ် (၂၀၂၀)တို့နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ

ပင်မလုပ်ငန်းအစီအစဉ်နှင့်အညီ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရေကြီးခြင်း၊ မြေပြိုခြင်း၊ လျှင်လှုပ်ခြင်းကဲ့သို့သော ဘေးအန္တရာယ်များအတွက် အစီအမံများရေးဆွဲ၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည်၊

(၂) စီမံကိန်းမှ ထွက်ရှိလာမည့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ၊ မိလ္လာအညစ်အကြေးများ၊ ဓာတုဗေဒစွန့်ပစ်ပစ္စည်းများ၊ စက်မှုလုပ်ငန်းများမှ ထွက်ရှိလာသောစွန့်ပစ်ပစ္စည်းများအား စနစ်တကျစွန့်ပစ်ရန်နှင့် လဟာပြင်မီးရှို့မှုပပျောက်ရေးဆောင်ရွက်ရမည်၊

(၃) စွန့်ပစ်ပစ္စည်းများအား သက်ဆိုင်ရာက စွန့်ပစ်ပစ္စည်းစုပုံစွန့်ပစ်ရန် သတ်မှတ်ထားသောနေရာများတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ စွန့်ပစ်ဆောင်ရွက်ရမည်၊

(၄) စွန့်ပစ်ပစ္စည်းများအား သိမ်းဆည်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စွန့်ပစ်ခြင်းတို့နှင့်ပတ်သက်၍ ပြန့်ကျဲထွက်ကျမှု၊ အနံ့အသက်ဆိုးများထွက်ရှိမှု၊ ဆူညံမှု၊ တုန်ခါမှုတို့ မရှိစေရေး လိုက်နာဆောင်ရွက်ရမည်၊

(၅) စီမံကိန်းမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများစီမံဆောင်ရွက်ထားရှိမှုကို စောင့်ကြပ်ကြည့်ရှုစစ်ဆေးနိုင်ရေးအတွက် စွန့်ပစ်ပစ္စည်းဆိုင်ရာ မှတ်တမ်းပုံစံထားရှိဆောင်ရွက်ရမည်၊

(၆) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် စက်မှုလုပ်ငန်းများမှ ထွက်ရှိလာသောစွန့်ပစ်ပစ္စည်းများအတွက် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေသော စီမံခန့်ခွဲမှုစနစ်ကို တိုးမြှင့်ဆောင်ရွက်ရမည်၊

(၇) စီမံကိန်းမှထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများနှင့်ပတ်သက်၍ ထွက်ရှိမှုလျှော့ချခြင်း၊ ပြန်လည်သုံးစွဲခြင်း၊ ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်းဖြင့် စွန့်ပစ်ပစ္စည်းထွက်ရှိမှုများကို ကာကွယ်ဆောင်ရွက်ရမည်၊

(၈) စီမံကိန်းမှထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများစီမံခန့်ခွဲမှုအတွက် အစဉ်လည်ပတ်နေသည့် ရန်ပုံငွေထားရှိဆောင်ရွက်ရမည်။

(ခ) **စံချိန်စံညွှန်းစည်းကမ်းသတ်မှတ်ချက်များ။** စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေး၊ ဆူညံသံ၊ အလုပ်စခန်းများ၊ မိလ္လာစနစ်များ၊ အိမ်တွင်းရေဆိုးများနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရမည်၊

(၂) ဆူညံသံအတွက် စီမံကိန်းဧရိယာပြင်ပရှိ အနီးဆုံးလက်ခံသည့်နေရာတွင် အခြေခံ အဆင့်မှ အများဆုံးမြင့်တက်မှု ၃ dBA ထက် မကျော်လွန်စေရေး လိုက်နာ ဆောင်ရွက်ရမည်၊

(၃) စွန့်ပစ်ရေအရည်အသွေးနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည် အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက် အပိုဒ် ၂.၃.၃.၁ ပါ Parameter များ တိုင်းတာ၍ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၄) လေအရည်အသွေးနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက် အပိုဒ် (၁.၁) ပါ Parameter များ တိုင်းတာ၍ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၅) စီမံကိန်းလုပ်ငန်းနှင့်ဆက်စပ်သော အခြားသက်ဆိုင်ရာ မူဝါဒ၊ ဥပဒေနှင့် သတ်မှတ် ချက်များကို လိုက်နာဆောင်ရွက်ရမည်။

(ဂ) **ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲရေးဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** ဇီဝမျိုးစုံမျိုးကွဲစီမံ ခန့်ခွဲမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အလုပ်သမားများမှ တောရိုင်းတိရစ္ဆာန်များအား ဖမ်းဆီးခြင်း၊ ဝယ်ယူခြင်း၊ တရားမဝင်သစ်ခုတ်ခြင်းများ မရှိစေရေးကြပ်မတ်ဆောင် ရွက်ရမည်။

(ဃ) **ကျန်းမာရေးနှင့်လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းသတ်မှတ် ချက်များ။** ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်း ချက်များနှင့်စပ်လျဉ်း၍ စီမံကိန်းလုပ်ငန်းကြောင့် ထိခိုက်ခံစားရမည့် ဒေသခံများ အတွက် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အခြေခံအဆောက်အဦဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်ခန့်ထားခြင်း၊ ရေရှည်လူမှုစီးပွားရေးဖွံ့ဖြိုး တိုးတက်စေရေးတို့ကို ဆောင်ရွက်ပေးရန်နှင့် ဝန်ထမ်းများ၏ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းတို့ကို ဆောင်ရွက်ရမည်။

(င) **ဒေသခံများနှင့်တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်း အဆိုပြုသူသည် ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးခြင်းလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည်-

(၁) ဘေးအန္တရာယ်ရှိ လုပ်ငန်းများအပါအဝင် တည်ဆောက်ရေးလုပ်ငန်းများနှင့် ဆောင်ရွက်မည့် လုပ်ငန်းများကို ဒေသခံပြည်သူများသို့ ကြိုတင်အသိပေး ဆောင်ရွက်ရန်၊

(၂) တည်ဆောက်ရေးကာလအတွင်း ယာဉ်သွားလာမှု လမ်းကြောင်းများ၊ ယာဉ် သွားလာမှုကြောင့် ဖြစ်နိုင်သောအနှောက်အယှက်များ၊ ပတ်ဝန်းကျင် သာယာမှု

အပေါ် ထိခိုက်မှုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဒေသခံများသို့ ကြိုတင်အသိပေးရန်၊

(၃) ဒေသခံပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်စေခြင်း၊ နစ်နာမှုဖြေရှင်းရေးလုပ်ငန်းစဉ်များကိုလုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန်။

(စ) **အစီရင်ခံတင်ပြခြင်းဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များဖြစ်ပွားပါက ဝန်ကြီးဌာနသို့ နှောင့်နှေးမှုမရှိစေဘဲ အစီရင်ခံတင်ပြရမည်-

(၁) ပစ္စည်းကိရိယာများ သို့မဟုတ် နည်းစနစ်များ မှားယွင်းအလုပ်လုပ်ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် အလုပ်မလုပ်တော့ခြင်း၊

(၂) သိသာထင်ရှားသော ညစ်ညမ်းမှုဖြစ်ပေါ်စေခဲ့သော သို့မဟုတ် ဖြစ်ပေါ်နေစေသော သို့မဟုတ် ဖြစ်ပေါ်စေနိုင်သော မတော်တဆမှုတစ်ခု ဖြစ်ပွားခြင်း သို့မဟုတ် ထုတ်လွှတ်မှု ကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်းမရှိသည့် အရာဝတ္ထုတစ်ခု ထုတ်လွှတ်ခြင်း၊

(၃) သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုး တစ်ခုခုကို ကျော်လွန်ခြင်း၊

(၄) ပတ်ဝန်းကျင်နှင့် သက်ရှိတို့၏ ကျန်းမာရေးတို့အပေါ် သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်ခြင်း၊

(၅) စီမံကိန်းအဆိုပြုသူသည် ယင်း၏တာဝန်များပျက်ကွက်မှု သို့မဟုတ် အခြားလုပ်ငန်းများဆောင်ရွက်ရန် ပျက်ကွက်မှု သို့မဟုတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုများကိုဖြစ်နိုင်သမျှ ဆောလျင်စွာ ဝန်ကြီးဌာနသို့ စာဖြင့်အသိပေး တင်ပြရမည်။ ပျက်ကွက်မှုတစ်ရပ်ရပ်ကြောင့် အန္တရာယ်ဖြစ်စေနိုင်သော ပတ်ဝန်းကျင်အပေါ် သက်ရောက်မှု ဖြစ်လာနိုင်သည့် အကြောင်းကိစ္စရပ် သို့မဟုတ် ဝန်ကြီးဌာနက အမြန်သိရှိရန် လိုအပ်သည့် အကြောင်းကိစ္စရပ်ကို (၂၄)နာရီ အတွင်းလည်းကောင်း၊ အခြားအကြောင်းကိစ္စရပ်များအားလုံးတွင် စီမံကိန်းအဆိုပြုသူက ယင်းဖြစ်စဉ်ဖြစ်ရပ်ကို စတင်သိရှိသည့်အချိန်မှ (၇)ရက် အတွင်းလည်းကောင်း ဝန်ကြီးဌာနသို့ အသိပေးတင်ပြရမည်၊

(၆) စီမံကိန်း၏ အရွယ်အစား၊ နယ်ပယ်အတိုင်းအတာ၊ တည်နေရာ၊ အခင်းအကျင်း၊ နည်းပညာ၊ ကြိုတင်မျှော်မှန်းနိုင်သော ဆိုးကျိုးသက်ရောက်မှုကြောင့် ဖြစ်လာသည့်အန္တရာယ်၊ ထုတ်လုပ်မှုနည်းလမ်း သို့မဟုတ် ညစ်ညမ်းမှုတို့ကို တားဆီးရန် သို့မဟုတ် လျှော့ချရန် ဆောင်ရွက်မှုတို့တွင် အဓိက ပြောင်းလဲခြင်း သို့မဟုတ် တိုးချဲ့ခြင်း သို့မဟုတ် ဒုတိယတိုးချဲ့ဆောင်ရွက်ရန် အဆိုပြုခြင်းဖြစ်ပါက စီမံကိန်းအဆိုပြုသူသည် သတ်မှတ်ထားသော အချိန်ဇယားအတွင်း ပြောင်းလဲမှုများ၏ သတင်းအချက်အလက်များနှင့်အတူ ဝန်ကြီးဌာနသို့ တင်ပြရမည်၊

(၇) စီမံကိန်းဧရိယာအတွင်းတွင် မမျှော်လင့်သော ဘေးအန္တရာယ်များကြောင့်လည်းကောင်း၊ ပတ်ဝန်းကျင်နှင့်လူမှုရေးအခြေအနေ ပြောင်းလဲမှုများကြောင့်လည်းကောင်း၊ ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများအပေါ်မူတည်၍ သက်ဆိုင်ရာကဏ္ဍအလိုက် စီမံခန့်ခွဲမှုအစီအစဉ်များအား ဝန်ကြီးဌာနသို့ ပြန်လည်တင်ပြရမည်။

(၈) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ တင်ပြရာတွင် အောက်ပါအချက်များ ပြည့်စုံစွာတင်ပြရမည်-

(ကက) စည်းကမ်းချက်များအားလုံးကို လိုက်နာကြောင်း သက်သေခံစာရွက်စာတမ်းအထောက်အထားများ၊

(ခခ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှုအတွက် တင်ပြထားသည့် အကောင်အထည်ဖော်မှု ဇယားအတိုင်း ဆောင်ရွက်ရာတွင် အစီရင်ခံသည့် အချိန်အထိတိုးတက်မှု၊

(ဂဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ ယင်းအခက်အခဲများကို ကုစားရန် အကြံပြုချက်များနှင့် အလားတူ အခက်အခဲများ၊ အနာဂတ်တွင် တွေ့ကြုံရနိုင်မှုကို တားဆီးကာကွယ်ရန် သို့မဟုတ် ရှောင်လွှဲရန် အဆိုပြုသည့် ဆောင်ရွက်မှုများ၊

(ဃဃ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့် အကြိမ်နှင့် အမျိုးအစား၊ အဆိုပြုသည့် ကုစားမှုဆောင်ရွက်ချက်များနှင့်ကုစားမှုပြီးမြောက်ရမည့် အချိန်သတ်မှတ်ချက်များ၊

(ငင) လုပ်ငန်းခွင်နှင့် လူမှုအဖွဲ့အစည်း၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်နှင့်စပ်လျဉ်း၍ ဖြစ်ပွားသော မတော်တဆမှုများနှင့် ဖြစ်စဉ်ဖြစ်ရပ်များ၊

ပြည်ထောင်စု ဝန်ကြီးရုံး

(စစ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ သတ်မှတ်ထားသည့် သို့မဟုတ် အခြားလိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာအတိုင်းအတာနှင့် စည်းကမ်းချက်များ ဆိုင်ရာအချက်အလက်များအား စောင့်ကြပ်ကြည့်ရှုမှု။

(ဇ) စီမံကိန်းအဆိုပြုသူသည် တည်ဆောက်ရေးအဆင့်လုပ်ငန်းများ ဆောင်ရွက်ပြီးနောက်တွင် စီမံကိန်း၏ လုပ်ငန်းခွင်ပြမြေပုံများ၊ လုပ်သားနေရာထိုင်ခင်း စီမံချက်များ၊ တည်ဆောက်ရေးလုပ်ငန်းကို ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း အထောက်အထားများပါဝင်သည့် စီမံကိန်း၏အပြီးသတ်လုပ်ငန်း အစီအစဉ်များကို ကနဦးတင်ပြမည့် စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်ပူးတွဲ၍ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရမည်။

(ဆ) **ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။**

စီမံကိန်းဆောင်ရွက်မည့် နေရာဒေသများတွင် မြေပေါ်/မြေအောက်ရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်နှင့်သက်ဆိုင်သည့် အထောက်အထားများ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ၊ ရှေးဟောင်းအဆောက်အအုံများ တွေ့ရှိပါက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ ချက်ချင်း ဆက်သွယ် သတင်းပို့ အကြောင်းကြားရမည်။

(ဇ) **လူမှုတာဝန်သိအစီအစဉ်(CSR)ဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** လူမှုတာဝန်သိအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်–

(၁) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအား လက်ရှိ သို့မဟုတ် စီမံကိန်းမဆောင်ရွက်မီကာလထက် မနိမ့်ကျသော လူမှုစီးပွားရေး တည်ငြိမ်ခိုင်မာမှုရရှိသည်အထိ ဆောင်ရွက်ပေးရန်နှင့် သက်မွေးဝမ်းကျောင်း လုပ်ငန်းများ ပြန်လည်တည်ထောင်ရေးနှင့် ပြန်လည်နေရာချထားရေးအစီအစဉ်များကို စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေး၍ လိုအပ်သလို ပံ့ပိုးနိုင်ရေး စီစဉ်ဆောင်ရွက်ရမည်၊

(၂) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ (Community Development Plan) ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း (Township Development Plans) များနှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စီမံကိန်းအနီးရှိ ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုအပ်ချက်များအား အလေးထားပေါင်းစပ် ဆောင်ရွက်ရမည်။

(ဈ) **အများပြည်သူသိရှိနိုင်ရေးဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းအဆိုပြုသူသည် အတည်ပြုထားသည့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာကို စီမံကိန်းနှင့် ဆက်စပ်ပတ်သက်သူများနှင့် အများပြည်သူများသိရှိနိုင်ရေးအတွက် မြန်မာဘာသာဖြင့် ရေးသားဖော်ပြထားသော အကျဉ်းချုပ်အစီရင်ခံစာနှင့် လိုက်နာဆောင်ရွက်မည့် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာကတိကဝတ်များအား ဖြန့်ဝေအသိပေး ထုတ်ဖော်ကြေညာရမည်။

(ည) **စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်ဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် သက်ဆိုင်ရာ အခွင့်အမိန့်ရ အဖွဲ့အစည်းထံမှစာဖြင့် ခွင့်ပြုချက်ကို လက်ခံရရှိသည့်အခါ အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်း၊ လုပ်ငန်းပိတ်သိမ်းပြီးကာလဟူသည့် စီမံကိန်းအဆင့်အားလုံးတွင် ဆိုးကျိုးသက်ရောက်မှု အားလုံးအတွက် စီမံကိန်းနှင့်ဆက်စပ်ဆောင်ရွက်မှုများအပေါ် မိမိကိုယ်မိမိ ဘက်စုံစောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းကို လက်တွေ့စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့်အပြင် သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းသတ်မှတ်ချက်များနှင့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာပါ ကတိကဝတ်များကို လိုက်နာဆောင်ရွက်ရမည်၊

(၂) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရန်၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရာမှ ရရှိသောရလဒ်များကို မှတ်တမ်းတင်ထိန်းသိမ်းထားရန်၊ ယင်းမှတ်တမ်းများတွင် နမူနာစုဆောင်းရယူခြင်းနှင့် ဓာတ်ခွဲဆန်းစစ်ခြင်းရလဒ်များ၊ ကိရိယာဖြင့် တိုင်းတာချက်များ၊ ချိန်ညှိတွက်ချက်ခြင်းများ (Calibrations)၊ စစ်ဆေးခြင်းများ၊ စမ်းသပ်ခြင်းနှင့် စာရင်းကောက်ခြင်း၊ အချက်အလက်အခြေခံအဖြစ်အသုံးပြုသည့် ဆန်းစစ်လေ့လာမှုများစသည်တို့ ပါဝင်ရမည်။ မှတ်တမ်းများအားလုံးသည် ဖတ်ရှုနိုင်ရမည်ဖြစ်ပြီး ကြောင်းကျိုးညီညွတ်စွာဖြင့် အသုံးချနိုင်ရမည်။ ပြင်ဆင်ဖြည့်စွက်မှုများရှိပါက မူရင်းမှတ်တမ်းနှင့်ပြင်ဆင်ဖြည့်စွက်ထားသော မှတ်တမ်းနှစ်မျိုးလုံးကို ဖတ်ရှုနိုင်သည့် သို့မဟုတ်

ပြန်လည်ဖော် ဆောင်ရယူနိုင်သည့် နည်းလမ်းဖြင့် ပြင်ဆင်ဖြည့်စွက်ရမည်။ ဝန်ကြီးဌာနမှ စာဖြင့်သီးခြားရေးသား သဘောတူထားခြင်းမရှိပါက မှတ်တမ်းများအားလုံးကို ထိန်းသိမ်းထားရမည်၊

(၃) စောင့်ကြပ်ကြည့်ရှုမည့်နယ်ပယ် (ရေ၊ လေ၊ ဆူညံသံ) များ၊ နည်းစနစ်များ၊ နမူနာစုဆောင်းခြင်းနှင့် ဓာတ်ခွဲစမ်းသပ်ခြင်း၊ စောင့်ကြပ်တိုင်းတာမည့်နေရာ၊ အကြိမ်အရေအတွက်၊ အချိန်ဇယားနှင့် မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်း စသည်တို့ကိုရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ (၆)လ တစ်ကြိမ် တင်ပြရန်နှင့် အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနသို့ တင်ပြသည့် နေ့ရက် မှ (၁၀) ရက်အတွင်း ထုတ်ဖော်ကြေညာရမည်၊

(၄) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် ကုစားပြင်ဆင်ရေးလုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လိုက်နာဆောင်ရွက်ရန်နှင့် စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်တွင် ဖော်ပြထားသည့် ကတိကဝတ်အတိုင်း လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရမည်၊

(၅) စီမံကိန်းအဆိုပြုသူသည် စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား ဤဝန်ကြီးဌာနသို့ တင်ပြသည့် နေ့ရက်မှ(၁၀)ရက်အတွင်း အမျိုးသားလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များမှတစ်ပါး အများပြည်သူသိရှိနိုင်ရန် စီမံကိန်း၏ ဝက်ဘ်ဆိုဒ်တွင်လည်းကောင်း၊ စာကြည့်တိုက်များ၊ ပြည်သူ့ခန်းမများစသည့် အများပြည်သူစုဝေးရာနေရာများတွင်လည်းကောင်း၊ စီမံကိန်းရုံးဌာနများတွင်လည်းကောင်း အများပြည်သူသိရှိနိုင်စေရန် တင်ပြရမည်။ မည်သည့်အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်မဆို စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ၏ ဒီဂျစ်တယ်မိတ္တူကို တောင်းခံနိုင်ပြီး စီမံကိန်းအဆိုပြုသူသည် ယင်းတောင်းခံချက်ကို ရရှိပြီးနောက် (၁၀)ရက်အတွင်း ဒီဂျစ်တယ်မိတ္တူကို အီးမေးလ်ဖြင့်ဖြစ်စေ၊ တောင်းခံသူနှင့် သဘောတူညီထားသည့် အခြားနည်းလမ်းဖြင့်ဖြစ်စေ ပေးပို့ဆောင်ရွက်ရမည်၊

(၆) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းလုပ်ငန်းများ သို့မဟုတ် စီမံကိန်းနှင့် ဆက်စပ်သည့် လုပ်ငန်းများကို ဆောင်ရွက်နေသည့် စီမံကိန်းရုံး၊ စီမံကိန်းလုပ်ငန်းခွင်နေရာနှင့် အခြားမည်သည့်နေရာကိုမဆို ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်း နှင့်စပ်လျဉ်း၍ ပုံမှန်အလုပ်ချိန်အတွင်း မည်သည့်အချိန်တွင်မဆို ဝင်ရောက်ကြည့်ရှုနိုင်ရေး ခွင့်ပြုရမည်၊

(၇) အရေးပေါ်အခြေအနေတစ်ရပ် ဖြစ်ပေါ်လျှင်သော်လည်းကောင်း၊ စီမံကိန်းသည် သက်ဆိုင်ရာပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သတ်မှတ်ချက်များအား ချိုးဖောက်သည် သို့မဟုတ် ချိုးဖောက်နိုင်ဖွယ်ရှိသည်ဟု ဝန်ကြီးဌာနက ထင်မြင်ယူဆလျှင်သော်လည်းကောင်း၊ ဝန်ကြီးဌာနက သတ်မှတ်သည့် မည်သည့်အချိန်တွင်မဆို စီမံကိန်းလုပ်ငန်းခွင်ရှိ မည်သည့်နေရာမဆို ချက်ချင်းဝင်ရောက်နိုင်ရေး ခွင့်ပြုရမည်၊

(၈) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနက စစ်ဆေးခြင်းကို ဆောင်ရွက်ရန် လိုအပ်သည့် ဓာတ်ပုံရိုက်ကူးခြင်း၊ အသံသွင်းခြင်း၊ ဗီဒီယိုရိုက်ကူးခြင်း၊ မြေသား၊ နုန်းအနည်အနှစ်၊ ရေနှင့်လေ နမူနာများရယူခြင်းနှင့် ကွန်ပျူတာများကို စစ်ဆေးခြင်း၊ ဒီဂျစ်တယ်စာတွဲများအပါအဝင် စာရွက်စာတမ်းအထောက်အထားများကို မိတ္တူကူးခြင်း၊ လူပုဂ္ဂိုလ်များကို တွေ့ဆုံမေးမြန်းခြင်းနှင့် လိုအပ်သည်ဟု ယူဆသည့် အခြားစုံစမ်းစစ်ဆေးခြင်းအပါအဝင် မည်သည့်နည်းလမ်းဖြင့်မဆို စစ်ဆေးဆောင်ရွက်ခြင်းကို လိုက်နာဆောင်ရွက်ရမည်၊

(၉) ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ ပတ်ဝန်းကျင်စစ်ဆေးသည့် ကုန်ကျစရိတ်များ၊ စစ်ဆေးသူများအတွက် ကုန်ကျစရိတ်များ ကျခံခြင်းနှင့် ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၁၂၂ နှင့်အညီ စီမံကိန်းအဆိုပြုသူမှ ကျခံရမည်။

**သက်သေခံလက်မှတ်ဆိုင်ရာစည်းကမ်းချက်များ**

၈။ သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များနှင့်ပတ်သက်၍ အောက်ဖော်ပြပါ အချက်တို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ် သက်တမ်းသည် ထုတ်ပေးသည့်နေ့ရက်မှစ၍ (၅)နှစ် ဖြစ်သည်။ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ် သက်တမ်းမကုန်ဆုံးမီ(၆)လ ကြိုတင်၍ သက်တမ်းတိုးရန် ဝန်ကြီးဌာနသို့ လျှောက်ထားရမည်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သက်သေခံလက်မှတ်ရရှိပြီး ပထမ(၂)နှစ်အတွင်း စီမံကိန်း၏ အကောင်အထည်ဖော်မှုကို စတင်ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ခြင်းကို စတင်ဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း(၃၀)ထက် နောက်မကျစေဘဲ ဤဦးစီးဌာနသို့ စာဖြင့် သတင်းပို့ အကြောင်းကြားရမည့်အပြင် စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် ပါဝင်သော ဆောင်ရွက်မှုများကို သတ်မှတ်ဖော်ပြရမည်၊

ပြည်ထောင်စု ဝန်ကြီးရုံး

(ဂ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအကောင်အထည်ဖော်မှုကို မည်သည့်အတွက်ကြောင့် စတင်နိုင်ခြင်းမရှိကြောင်းနှင့် စတင်အကောင်အထည်ဖော်နိုင်ရန် အချိန်ကာလမည်မျှ လိုအပ်ကြောင်းကို အကျိုးအကြောင်းဖော်ပြ၍ ထိုလိုအပ်သည့်ကာလအတွက် အချိန်တိုး ပေးရန် တင်ပြချက်အရ ဝန်ကြီးဌာနက အချိန်တိုးပေးသည့်ကိစ္စမှတစ်ပါး ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် ရရှိပြီး (၂) နှစ် အတွင်း စီမံကိန်းကိုထိရောက်စွာ အကောင်အထည်ဖော်မှုအား စတင်ဆောင်ရွက်ခြင်း မပြုလျှင် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာကို အသစ်ပြုလုပ်တင်ပြရမည်၊

(ဃ) စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ပါအချက်များ တွေ့ရှိရပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို ဝန်ကြီးဌာနမှပြင်ဆင်ခြင်း သို့မဟုတ် ကနဦးပတ်ဝန်းကျင် ဆန်းစစ်ခြင်းအစီရင်ခံစာကို ပြန်လည်ပြင်ဆင်စေပြီး တင်ပြရန်ညွှန်ကြားပါက စီမံကိန်း အဆိုပြုသူက လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းကြောင့် အမှန်တကယ်ထိခိုက်မှု သို့မဟုတ် ထိခိုက်နိုင်မှုများကို လျှော့ချရန် ဆောင်ရွက်မှုများသည် ပြည့်စုံမှုမရှိခြင်း သို့မဟုတ် လုံလောက်မှု မရှိခြင်း၊

(၂) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် မည်ကဲ့သို့ ထိခိုက်မှုဖြစ်စေကြောင်း သို့မဟုတ် ဖြစ်စေနိုင်ကြောင်း သို့မဟုတ် ဖြစ်လာကြောင်း သိရှိနိုင်ရန် သတင်း အချက်အလက်သစ်များ ထွက်ပေါ်လာခြင်း၊

(၃) စီမံကိန်းသည် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာကို မူလအတည်ပြု ခဲ့သည့်အချိန်မှ ကြိုတင်သိမြင်နိုင်ခြင်းမရှိသော ဆိုးကျိုးသက်ရောက်မှုများရှိခြင်း၊

(၄) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် မူလကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း အစီရင်ခံစာ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံ လက်မှတ်နှင့် စည်းကမ်းချက်များထုတ်ပေးခြင်း၊ ပြင်ဆင်ခြင်း၊ တင်သွင်းခြင်းနှင့် အတည်ပြုခြင်းများအတွက် အခြေခံအချက်များ ထုတ်ဖော်ခဲ့စဉ်က မျှော်မှန်း ထားသည့် ထိခိုက်မှုထက် ပိုမိုကြီးမားခြင်း၊

(၅) အကောင်းဆုံးရရှိနိုင်သော နည်းလမ်း အဓိပ္ပာယ်ဖွင့်ဆိုချက်အရ စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုကို ထူးခြားစွာ လျှော့ချနိုင်ခြင်း၊

(၆) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများကို စီမံကိန်းတွင် စီးပွားရေးအရ သိသိ သာသာအပိုကုန်ကျစရိတ်မဖြစ်စေဘဲ အလေ့အကျင့်ကောင်းများဖြင့် လျှော့ချ နိုင်ခြင်း၊

(ဂ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ထားသော နည်းလမ်းများ/စည်းကမ်းချက်များသည် ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချရာတွင် မလိုအပ်တော့ဟု ဆုံးဖြတ်နိုင်ခြင်း။

၉။ **ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေဆိုင်ရာစည်းကမ်းချက်များ။** ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ရန်ပုံငွေနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ ၃၀ နှင့်အညီ ညစ်ညမ်းမှု (ထုတ်လွှတ်မှု၊ စွန့်ပစ်ပစ္စည်း) ဖြစ်စေခြင်းအတွက် ပေးဆောင်ငွေများ၊ သယံဇာတအသုံးပြုမှုနှင့် ဂေဟစနစ် ဝန်ဆောင်မှုများမှ အကျိုးရရှိခြင်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေတွင် ပေးဆောင်ငွေများအဖြစ်ထည့်ဝင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီ၏ အတည်ပြုချက်ဖြင့် ဤဝန်ကြီးဌာနက သတ်မှတ်ပါက စီမံကိန်းအဆိုပြုသူမှ ငွေကြေးထည့်ဝင်ရမည်၊

(ခ) စီမံကိန်းအဆိုပြုသူသည် ငွေရေးကြေးရေး အာမခံချက်များအားလုံးကို ဝန်ကြီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် သတ်မှတ်/ပြင်ဆင်တောင်းခံပါက ထည့်ဝင်ရမည်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အစီရင်ခံစာတွင် ဖော်ပြထားသည့်အတိုင်း ရန်ပုံငွေထူထောင်ထားရှိရမည်၊

(ဃ) စီမံကိန်းအဆိုပြုသူ အနေဖြင့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာပါ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများအတွက် ထည့်သွင်းဖော်ပြထားသည့် လျာထားအသုံးစရိတ်များနှင့်ပတ်သက်၍ သီးခြားငွေစာရင်းဖွင့်လှစ်ထားသော အထောက်အထားအချက်အလက်ဖြင့် ထည့်သွင်းဖော်ပြရမည်။

**အထွေထွေစည်းကမ်းချက်များ**

၁၀။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းဒီဇိုင်းနှင့် စီမံကိန်းလုပ်ငန်းများကို ပြင်ဆင်ရန်ရှိပါက ဝန်ကြီးဌာနသို့ ကြိုတင်အသိပေးတင်ပြရမည်။

၁၁။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ဤလက်မှတ်ပါ လုပ်ငန်းနှင့်သာ သက်ဆိုင်စေရမည်။

၁၂။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး စီမံကိန်းလုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဌာန၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သည်။ စီမံကိန်းသက်တမ်းအတွင်း စစ်ဆေးမှုပြုလုပ်ချိန်တွင် ခွင့်ပြုမိန့်စာရွက်စာတမ်း အထောက်အထားများအားလုံးကို တင်ပြရမည်။

၁၃။ စီမံကိန်းပိုင်ရှင်နှင့် အဆိုပြုထားသောလွှဲပြောင်းလက်ခံသူတို့၏ ပူးပေါင်းလျှောက်ထားချက်အရ ဤသက်သေခံလက်မှတ် သို့မဟုတ် ယင်း၏အစိတ်အပိုင်းတစ်ရပ်ရပ်ကို အဆိုပြုထားသော လွှဲပြောင်းလက်ခံသူထံ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးမှသာ လွှဲပြောင်းရမည်။

၁၄။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အပိုဒ် ၁၀၂ အရ စီမံကိန်းအဆိုပြုသူသည် မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ မိမိကိုယ်စားဆောင်ရွက်ရန် ခန့်ထားခြင်း သို့မဟုတ် ငှားရမ်းခြင်း သို့မဟုတ် အခွင့်အာဏာပေးခြင်း ပြုထားသည့် ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက်ပေးသူ ဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံများ၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေ ပေါ်ပေါက်သည့် ဆိုးကျိုးသက်ရောက်မှုများ အားလုံးတို့အတွက် တာဝန်ရှိသည်။

၁၅။ စီမံကိန်းအဆိုပြုသူသည် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာမှုမရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူခြင်းခံရမည်။

---